# အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်

# ASEAN Comprehensive Recovery Framework

ဉာဏ်ရည်မသန်စွမ်းသူများဖတ်ရှုနားလည်လွယ်မည့်ပုံစံ

(easy to read version)



# အာဆီယံ ဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင်

(ဉာဏ်ရည်မသန်စွမ်းသူများ ဖတ်ရှုနားလည်လွယ်မည့်ပုံစံ)








အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင်

ASEAN Comprehensive Recovery Framework (ACRF)


ဉာဏ်ရည်မသန်စွမ်းသူများ ဖတ်ရှုနားလည်လွယ်မည့်ပုံစံ (easy-to-read version)

## အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations (ASEAN))




အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations (ASEAN)) သည် အရှေ့တောင်အာရှ ၁၀ နိုင်ငံ ပေါင်းစည်းဖွဲ့စည်းထားသော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အသင်းဖြစ်သည်။ အင်ဒိုနီးရှား၊ မလေးရှား၊စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတို့၏နိုင်ငံခြားရေးဝန်ကြီးများသည် ၁၉၆၇ ခုနှစ်တွင် အာဆီယံကြေညာချက် ( ဘန်ကောက်ကြေညာစာတမ်း ) ကို လက်မှတ်ရေးထိုး၍ ဖွဲ့စည်းခဲ့ကြသည်။ နောင်တွင်မှ ဘရူနိုင်း၊ ဗီယက်နမ်၊ မြန်မာ၊လာအို ကမ္ဘောဒီးယား စသော နိုင်ငံများပါဝင်လာခဲ့ပြီး ၁၀ နိုင်ငံအထိ ဖြစ်လာခဲ့သည်။ အာဆီယံသည်အကျယ်အဝန်းအားဖြင့် ကမ္ဘာ့မြေမျက်နှာပြင် ဧရိယာစုစုပေါင်း၏ ၃% ရှိပြီး စတုရန်း ကီလိုမီတာ ၄.၄၆ သန်း ရှိသည်။ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၈.၈ ရာခိုင်နှုန်း ရှိပြီး ခန့်မှန်းခြေ သန်း ၆၀၀ ရှိသည်။ အာဆီယံ၏ အဓိကရည်ရွယ်ချက်မှာ ငြိမ်းချမ်း၍ ကြွယ်ဝသော အသိုင်းအဝန်းတစ်ခုအဖြစ် ရေရှည်တည်တံ့ ခိုင်မြဲစွာ ရပ်တည်ရေးတည်ဆောက်ရာ၌ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်သော စိတ်ဓာတ်များမှတဆင့် ဒေသတွင်း စီးပွားရေး လူမှုရေး တိုးတက်မှုနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ရန် ဖြစ်သည်။









### အနှစ်ချုပ်


#### အဓိက အချက်အလက်များ

- ကိုဗစ် - ၁၉ ကို ၂၀၂၀ ခုနှစ် မတ်လတွင် ကပ်ရောဂါအဖြစ် ကြေညာပြီးနောက် ကမ္ဘာတဝှမ်းရှိ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများသည် ဖောက်ထိုးမိုးမျှော် ဖြစ်ပြီး မကြုံစဖူး စီးပွားရေးနှင့်လူ့အဖွဲ့အစည်းအပေါ် ဆိုးရွားစွာ သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။
- အာဆီယံဒေသတွင်းစီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် ၃.၈% ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပြီး ၂၂ နှစ် အတွင်း ပထမဆုံး အကြိမ် စီးပွားရေးကျဆင်းမှု ဖြစ်သည်။




- ACRF ကို ကိုဗစ်-၁၉ အကြပ်အတည်းမှ လွတ်မြောက်ရန်အတွက် ပေါင်းစည်းထားသော ထွက်ပေါက် မဟာဗျူဟာအဖြစ် အသုံးပြုမည်ဖြစ်သည်။
- ACRF တွင် အာဆီယံအနေဖြင့် ကပ်ရောဂါကြောင့် ထိခိုက်မှုအများဆုံးခံစားခဲ့ရသည့် လူ့အဖွဲ့အစည်းများကို အဓိကအာရုံစိုက်ခြင်း၊ ကျယ်ပြန့်သော မဟာဗျူဟာများ ချမှတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် ကဏ္ဍအလိုက်နှင့်ဒေသဆိုင်ရာ ဦးစားပေးမှု အစီအမံများကို ခွဲခြားသတ်မှတ်ခြင်း စသည်တို့ကို ဖော်ပြထားပါသည်။
- အာဆီယံ၏ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ကျယ်ပြန့်သော မဟာဗျူဟာ (၅) ခု အပေါ်တွင် အာရုံစိုက်မည်ဖြစ်ပါသည်။

- ✓ မဟာဗျူဟာ ၁ - ကျန်းမာရေးစနစ်များကို မြှင့်တင်ခြင်း၊
- ✓ မဟာဗျူဟာ ၂ - နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးကို အားကောင်းစေခြင်း၊
- ✓ မဟာဗျူဟာ ၃ - အာဆီယံအတွင်း ဈေးကွက်အလားအလာနှင့် စီးပွားရေး ပေါင်းစည်းမှု ကို မြှင့်တင်ခြင်း။
- ✓ မဟာဗျူဟာ ၄ - အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်း နှင့်
- ✓ မဟာဗျူဟာ ၅ - ပိုမိုတည်မြဲ၍ ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ခြင်း







အခန်း ၁

နိဒါန်း - အာဆီယံဒေသတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းခြင်း

- **အာဆီယံအပေါ် အခြားအရာများနှင့်မတူသော အကျပ်အတည်းတစ်ခု ဖြစ်သည့် ကိုဗစ်-၁၉ ၏ သက်ရောက်မှု**
  - ✓ ကမ္ဘာလုံးဆိုင်ရာ အတည်ပြုလူနာများ၏ ၂.၀%၊ သေဆုံးမှုသည် ကမ္ဘာလုံးဆိုင်ရာ သေဆုံးမှု၏ ၁.၉% ရှိ
  - ✓ အလုပ်လက်မဲ့များ တိုးလာခြင်း၊ တရားမဝင် ကုန်သွယ်မှုများရှိလာခြင်း နှင့် ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းလာခြင်း တို့ကြောင့် စီးပွားရေး ပြန်လည် ဦးမော့ လာရန်အတွက် မသေချာသေးပေ။ ၂၀၂၁ ခုနှစ်တွင် အာဆီယံ စီးပွားရေး ပြန်လည်ဦးမော့လာသော်လည်း နိုင်ငံများ၏ GDP တိုးတက်မှုသည်ကိုဗစ်-၁၉ မတိုင်မီအဆင့်အောက်တွင်သာ ရှိနေမည်ဟု ခန့်မှန်းထားသည်။
  - ✓ အာဆီယံဒေသသည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ ၅.၃% ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၃.၈% သို့ ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားကာ ၂၂ နှစ်တာကာလအတွင်း ပထမဆုံးသော စီးပွားရေး ကျဆင်းမှုဖြစ်သည်။
  - ✓ ပဏာမအချက်အလက်များကိုအခြေခံ၍ ၂၀၂၀ ပထမနှစ်ဝက်ကုန်တွင် အာဆီယံ၏ကုန်သွယ်မှုပမာဏသည် ၁၂.၄% ကျဆင်းခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၂.၉% ကျဆင်းခဲ့သည်။




- **အာဆီယံအနေဖြင့် ကပ်ရောဂါကို တုံ့ပြန်ရန် နိုင်ငံအဆင့် ရည်ရွယ်ထားသည့် လုပ်ဆောင်ချက်များ**
  - ✓ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်ခြင်း နှင့် ခရီးသွားလာမှုဆိုင်ရာ အကန့်အသတ်များ ပေါ်ပေါက်လာသောအခါ ပထမဆုံးအရေးပေါ်တုံ့ပြန်မှုအနေဖြင့် ငွေဖြစ်လွယ်မှုဆိုင်ရာငွေကြေးမူဝါဒများ ချမှတ်ခဲ့သည်။
  - ✓ ခရီးသွားလုပ်ငန်း၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများကဲ့သို့သော ထိခိုက်လွယ်သည့် ကဏ္ဍများကို ဦးတည်ဆောင်ရွက်ခဲ့သည်။




# (ACCWG-PHE)

ကိုယ်စားပြုပြီး အာဆီယံပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေဆိုင်ရာညှိနှိုင်းရေးကောင်စီ

- **ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းထားသော ဒေသတွင်းတုံ့ပြန်ဆောင်ရွက်မှုများ**
  - ✓ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့၌ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြီးတန်းအရာရှိများအစည်းအဝေး တွင်တင်ပြခဲ့သော အဆုတ်ရောင်ရောဂါဖြစ်ပွားမှု ပထမအစီရင်ခံစာ ကို လက်ခံရရှိခဲ့ပြီးနောက် ဒေသတွင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို စုစည်းကာ တရုတ်၊ ဂျပန်နှင့် ကိုရီးယား သမ္မတနိုင်ငံတို့နှင့်ပူးပေါင်းလျက် ကပ်ရောဂါကာကွယ်ရေးအတွက် ဒေသတွင်း ကြိုတင်ပြင်ဆင်မှုနှင့် တုန့်ပြန်ဆောင်ရွက်မှုများကို စတင်ဆောင်ရွက်ခဲ့သည်။
  - ✓ အာဆီယံပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေဆိုင်ရာညှိနှိုင်းရေးကောင်စီ (ACCWG-PHE) ကို အာဆီယံမဏ္ဍိုင်သုံးရပ်လုံးမှ ကိုယ်စားပြု၍ အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ACC) အား ပံ့ပိုးကူညီရန်အတွက် ဖွဲ့စည်းခဲ့ပါသည်။




### ပုံ (၃)၊ ကိုဗစ်-၁၉ အပေါ် အာဆီယံ၏ တုန့်ပြန်ဆောင်ရွက်မှု အကျဉ်းချုပ်

- ဈေးကွက်များ ဖွင့်လှစ်ထားရှိရန် ကတိကဝတ်နှင့် မရှိမဖြစ်လိုအပ်သော ကုန်စည်များ အတွက် ကုန်စည်စီးဆင်းမှု သေချာစေခြင်း
- အရေးပေါ်ဆေးဘက်ဆိုင်ရာ ထောက်ပံ့နိုင်ရေးအတွက် ဒေသတွင်း အရန်ထားရှိမှုကို တိုးတက်စေခြင်း
- ကိုဗစ်-၁၉ ကပ်ရောဂါ တုန့်ပြန်ရေး အာဆီယံရန်ပုံငွေကို ထူထောင်ခြင်း
- အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် ကိစ္စရပ်များ အတွက် စံလုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း
- ပြီးပြည့်စုံသော အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို ဖော်ဆောင်ခြင်း


အရင်းအမြစ် - အာဆီယံအတွင်းရေးမှူးချုပ်ရုံး




### အခန်း ၂

### ပြန်လည်ထူထောင်ရေး လုပ်ဆောင်ချက်များအတွက် မူဘောင်

- ✓ (၂၀၂၀)ပြည့်နှစ်ဇွန်လ တွင် ကျင်းပခဲ့သော (၃၆) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး တွင် ခေါင်းဆောင်များ၏ လုပ်ပိုင်ခွင့်နှင့်အညီ ရေးဆွဲခဲ့ပါသည်။
- ✓ အာဆီယံဒေသအတွင်း ကိုဗစ်-၁၉ မှ ပြန်လည်နာလန်ထူရေးအတွက် မဟာဗျူဟာလမ်းညွှန်ချက်များနှင့် အဓိကဦးစားပေးရမည့် ကဏ္ဍများကို လမ်းညွှန် ပေးထားသည်။
- ✓ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီရန် ပြည်တွင်း ပြည်ပ ပါဝင် ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။
- ✓ မူဘောင်သည် ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ထူထောင်နိုင်စေရန် ရည်ရွယ်ပြီး အဓိကကျသော ချဉ်းကပ်မှုနည်းလမ်းများကို လမ်းညွှန်ပေးမည်ဖြစ်သည်။




- **ပြန်လည်ထူထောင်ရေး မူဘောင်၏ ရည်ရွယ်ချက်များ**

✓ ကိုဗစ်၁၉ မှ ရုန်းထနိုင်ရန်အတွက် အာဆီယံ ပြန်လည်ထူထောင်ရေးမဟာဗျူဟာကို ရှင်းလင်းစွာ ချမှတ်ရန်

✓ အာဆီယံ ကဏ္ဍများအတွင်း လျင်မြန်စွာဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကို အကဲ ဖြတ်ရေး၊ ချိန်ညှိရေးနှင့် အရှိန်မြှင့်တင်ရေးတို့အတွက် လမ်းညွှန်မှုများပေးရန်

✓ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၏ ပံ့ပိုး ကူညီမှုများ ရယူကာ အာဆီယံ မဏ္ဍိုင်များအတွင်း ဦးစားပေး ကဏ္ဍများ ချမှတ်ခြင်းနှင့်ရည်ညွှန်းနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်

✓ မိတ်ဖက်များအပါအဝင် ပြင်ပမှ ပတ်သက်သူများနှင့်ထိတွေ့ဆက်ဆံမှုပြုလုပ်ရန် အာဆီယံ ပြန်လည်ထူထောင်ရေးမဟာဗျူဟာကို အကျဉ်းချုပ်ဖော်ပြရန်

✓ အာဆီယံရိပ်မြုံ မျှော်မှန်းချက် ၂၀၂၅နှင့် အနာဂတ်ခံနိုင်ရည်မြှင့်တင်ရေးတို့ကို အားဖြည့်ပေးရန်




- **လမ်းညွှန်အခြေခံမူများ**
  - ✓ ကိုဗစ်-၁၉ မှ ပြန်လည်ထူထောင်ရေးကို ပံ့ပိုးပေးရန်အတွက် ကျယ်ပြန့်သော မဟာဗျူဟာများနှင့် အစီအစဉ်များကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းမူဘောင်သည် အာဆီယံဒေသတွင်းရှိ အမျိုးမျိုးသော လုပ်ငန်းစဉ်များကို ပေါင်းစည်းရုံမျှ မကဘဲ ဦးစားပေး အရှိန်မြှင့်တင်ရန် သို့မဟုတ် မီးမောင်းထိုးပြရန် လိုအပ်သည့် ကနဦးအစီအစဉ်များ သို့မဟုတ် အဆိုပြုချက်များကို ထင်ဟပ်စေမည်။
  - ✓ ပြည်သူများ၏ လူနေမှုဘဝ နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ဟန်ချက်ညီစေမည် ဖြစ်သည်။
  - ✓ သက်ဆိုင်သူများ၏ မျှော်မှန်းချက်များနှင့် ကိုက်ညီသော ရေရှည်တည်တံ့သောရလဒ်များကို ရရှိစေရန် ကြေညာချက်များသာ ထုတ်ပြန်နေခြင်းထက် ပိုမိုအကျိုးသက်ရောက်မှု ရှိစေသည့် မဟာဗျူဟာများနှင့် လုပ်ငန်းများကို ဦးတည်ဆောင်ရွက်မည်။
  - ✓ ချဉ်းကပ်ရာ၌ လက်တွေ့ကျရန် အရေးကြီးပြီး လုပ်ဆောင်ချက်များ မထပ်စေရေးနှင့် အကျိုးသက်ရောက်မှု ရှိစေရေးတို့ကို ဦးစားပေးရမည်ဖြစ်သည်။ အာဆီယံ၏ ယန္တရားများ၊ ကနဦး လုပ်ဆောင်ချက်များ နှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို အရှိန်မြှင့်၍ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။




- ✓ မူဘောင်ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်မှုတွင် အားလုံး ပါဝင်နိုင်ရေးကို ဦးတည်ရမည်ဖြစ်ပြီး ကပ်ရောဂါသက်ရောက်မှု အခံရဆုံးသော ထိခိုက်လွယ်အုပ်စုများနှင့် ကဏ္ဍများကိုလည်း အသိအမှတ်ပြုသင့်ကာ ကွာဟမှုနှင့် မညီမျှမှုများကို မဖြစ်ပေါ်စေဘဲ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအားလုံး ပါဝင်ပြီး အကျိုးပြုရမည်ဖြစ်သည်။ ဤနည်းအားဖြင့် အနာဂတ်တွင် အားလုံး ပါဝင်ပြီး ခံနိုင်ရည်ရှိသော ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် မည်သူမျှ နောက်ကျကျန်ခဲ့နေမည် မဟုတ်ပါ။
- ✓ တိုင်းတာနိုင်သော အစပျိုး ဆောင်ရွက်မှုများ သို့မဟုတ် အစီအစဉ်များပေါ်တွင် အခြေခံရမည်ဖြစ်ကာ တိုးတက်မှုကို အချိန်အခါအလိုက် စောင့်ကြည့် အကဲဖြတ်ရပါမည်။ လိုအပ်လာပါက သင့်လျော်သလို ပြုပြင်ပြောင်းလဲနိုင်ရန် ခွင့်ပြုထားသင့်သည်။





- **ဘက်စုံ ပြန်လည်ထူထောင်ရေးဆိုင်ရာချဉ်းကပ်ခြင်း**
  - ✓ ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာတွင် ကဏ္ဍအလိုက်နှင့် အစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်း ပြီး မဏ္ဍိုင်သုံးရပ်ရှိ ပံ့ပိုးကူညီမှုများကို ဖိတ်ခေါ်လျက် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။
  - ✓ ထို့ပြင် မူဘောင်သည် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးမှုမိတ်ဖက်များကဲ့သို့သော ဒေသပြင်ပရှိလုပ်ဖော်ကိုင်ဖက်များထံမှ ပံ့ပိုးကူညီမှုများကို ဖိတ်ခေါ်ရန် ရည်ရွယ်ထားသည်။
  - ✓ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်သည် ကိုဗစ်-၁၉ နောက်ပိုင်း ဒေသတွင်းနှင့် ကမ္ဘာ တဝန်းလုံးတွင် အာဆီယံ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးမည် ဖြစ်သည်။




| ပိတ်ဆို့မှုများ ဖြေလျှော့ခြင်း Re-opening | ပြန်လည်ထူထောင်ခြင်း Recovery | ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ခြင်း Recovery |
|---|---|---|
| .ဒေသတွင်း ကပ်ရောဂါ၏ မတူညီသော အခြေအနေများကို အဆင့်သတ်မှတ်ခြင်း။<br>.ပိတ်ဆို့မှုများကို ဘေးကင်းစွာ ဖြေလျှော့နိုင်ရေးအတွက် ဒေသတွင်း နိုင်ငံများနှင့်အနီး ကပ် ပူးပေါင်းဆောင်ရွက်ခြင်း။<br>.အဆိုပါအဆင့်တွင် ဗိုင်းရပ်စ်ကူးစပ်မှု အန္တရာယ်ကိုအနည်းဆုံးဖြစ်အောင်လျှော့ချ၍စီးပွားရေး လုပ်ငန်းများကိုဖြေလျှော့ခြင်း။ | . အဆိုပါအဆင့်တွင် အချိန်ကာလ သတ်မှတ်ချက်သည် ဘက်စုံပြန် လည်ထူထောင်ရေး အောင်မြင် သည့်အချိန်အထိ ဖြစ်သည်။<br>. ကပ်ရောဂါ၏ သက်ရောက်မှုပြင်း ထန်စွာ ခံစားရသောကဏ္ဍများ ကို ဦးစားပေး ပံ့ပိုးကူညီမည်။<br>. ဤအဆင့်တွင် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များကိုကိုဗစ် -၁၉ ကပ်ရောဂါမတိုင်မီ အခြေနေသို့ ပြန်လည် ရောက်ရှိစေမည်။ | . ရေရှည်အတွက် အာဆီယံ၏ တူညီသော မျှော်မှန်းချက်များကို ပေါင်းစည်းသည့်ကာလ။<br>. ဒေသတွင်း ရေရှည် ခံနိုင်ရည် ရှိမှုအတွက် ပံ့ပိုးကူညီပေးခြင်း။<br>.ခေတ်ရေစီးကြောင်းအလိုက် အနာဂတ်တွင် ပေါ်ပေါက်လာနိုင် သောကူးစက်ရောဂါများ၏ စိန် ခေါ်မှုများနှင့်ဘေးအန္တရာယ်များ ကို ကြိုတင်စဉ်းစားခြင်း။ |

Source: ASEAN Secretariat





- **ဖွဲ့စည်းမှု နှင့် ပုံစံ**

  အာဆီယံ၏ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ကျယ်ပြန့်သော မဟာဗျူဟာ (၅) ခုအပေါ်တွင် အာရုံစိုက်မည်ဖြစ်ပါသည်။

**မဟာဗျူဟာ (၅)ခု**

- ကျယ်ပြန့်သော မဟာဗျူဟာ ၁ - ကျန်းမာရေးစနစ်များကို မြှင့်တင်ခြင်း၊
- ကျယ်ပြန့်သော မဟာဗျူဟာ ၂ - နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးကို အားကောင်းစေခြင်း၊
- ကျယ်ပြန့်သော မဟာဗျူဟာ ၃ - အာဆီယံအတွင်း ဈေးကွက်အလားအလာနှင့် စီးပွားရေး ပေါင်းစည်းမှု ကို မြှင့်တင်ခြင်း။
- ကျယ်ပြန့်သော မဟာဗျူဟာ ၄ - အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်း နှင့်
- ကျယ်ပြန့်သော မဟာဗျူဟာ ၅ - ပိုမိုတည်မြဲ၍ ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ခြင်း




ပုံ ၅။ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေး မူဘောင် - ရည်ရွယ်ချက်များ၊ အဓိကစည်းမျဉ်းများနှင့် ချဉ်းကပ်မှုများ




- ကိုဗစ် - ၁၉ မှ ရုန်းထနိုင်ရန်အတွက် အာဆီယံ ပြန်လည်ထူထောင်ရေး မဟာဗျူဟာကို ရှင်းလင်းပြတ်သားစွာ ချမှတ်ရန်။
- အာဆီယံကဏ္ဍများအတွင်း လျင်မြန်စွာ ဦးစားပေး ဆောင်ရွက်ရမည့် ကဏ္ဍများကို အကဲဖြတ်ရေး၊ ချိန်ညှိရေးနှင့် အရှိန်မြှင့်တင်ရေးတို့ အတွက် လမ်းညွှန်မှုများ ပေးရန်။
- ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၏ ပံ့ပိုးကူညီမှုများ ရယူကာ အာဆီယံ မဏ္ဍိုင်များ အတွင်း ဦးစားပေး ကဏ္ဍများ ချမှတ်ခြင်းနှင့် ရည်ညွှန်းနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ရန်။
- မိတ်ဖက်များအပါအဝင် ပြင်ပမှ ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံမှု ပြုလုပ်ရန် အာဆီယံ ပြန်လည် ထူထောင်ရေး မဟာဗျူဟာကို အကျဉ်းချုပ် ဖော်ပြရန်။
- အာဆီယံရိုပ်မြုံ မျှော်မှန်းချက် ၂၀၂၅ နှင့် အနာဂတ် ခံနိုင်ရည် မြှင့်တင်ရေးတို့ကို အားဖြည့်ပေးရန်။

- အလေးထားအာရုံစိုက်ခြင်း
- ဟန်ချက်ညီခြင်း
- လက်တွေ့ကျခြင်း
- အားလုံးပါဝင်နိုင်ခြင်း
- တိုင်းတာနိုင်ခြင်း

- အာဆီယံရိုပ်မြုံတစ်ခုလုံးကို လွှမ်းခြုံစေခြင်း
- ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်များထား ရှိခြင်း
- အမျိုးသားအဆင့် တုန့်ပြန်မှုများတွင် လိုက်လျော ညီထွေဖြစ်အောင် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း
- လျင်မြန်သွက်လက်ပြီး လိုက်လျောညီထွေဖြစ် အောင်အကောင်အထည်ဖော်ခြင်း
- ပြန်လည်ထူထောင်ရေးအဆင့် ၃ ဆင့် အတိုင်း ချဉ်းကပ်ခြင်း




မူဘောင်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အထောက်အကူဖြစ်စေသော အချက်များမှာ -

(၁) မူဝါဒဆိုင်ရာ အစီအမံများနှင့် တုံ့ပြန်မှုများ၊


(၂) ဘဏ္ဍာရေးနှင့် ရေရှည်တည်တံ့သော အရင်းအမြစ်များ စုစည်းခြင်း

(၃) အဖွဲ့အစည်းများနှင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ

(၄) သက်ဆိုင်သူများ၏ လက်တွဲဆောင်ရွက်မှု နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ

(၅) ထိရောက်သော စောင့်ကြည့်အကဲဖြတ်မှု

ပြုပြင်ပြောင်းလဲနိုင်သည့် စာတမ်းတစ်ခုဖြစ်ပြီး တိုးတက်မှုများကို စောင့်ကြည့်အကဲဖြတ်ကာ ပုံမှန်မွမ်းမံသွားမည်။ အချိန်နှင့် အရင်းအမြစ်ကန့်သတ်ချက်များအတွင်း ရေရှည်တည်တံ့စေရန် နှင့် လိုက်လျောညီထွေ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပုံစံရေးဆွဲထားသည်။



### အခန်း ၃

### ပြန်လည်ထူထောင်ရေးအတွက် ကျယ်ပြန့်သော မဟာဗျူဟာများ

**ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးခြင်းနှင့် ခံနိုင်ရည် တည်ဆောက်ခြင်း**

- ကျယ်ပြန့်သော မဟာဗျူဟာ ၁ - ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အဆင့်မြှင့်တင်ခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၂ - နိုင်ငံသားများ၏လုံခြုံရေးကို အားကောင်းစေခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၃ - အာဆီယံဒေသတွင်း ဈေးကွက်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးပေါင်းစည်းမှု အလားအလာ ကို မြှင့်တင်ခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၄ - အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၅ - ရေရှည်တည်တံ့ပြီး ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ခြင်း



**ကျယ်ပြန့်သောမဟာဗျူဟာ (၁) ကျန်းမာရေးစောင့်ရှောက်မှု စနစ်များ အဆင့်မြှင့်တင်ခြင်း**

၁ (က)။ လက်ရှိကျန်းမာရေး အကျိုးကျေးဇူးများနှင့် အစီအမံများကို တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ ခိုင်မြဲစေခြင်း။


၁ (ခ)။ မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ အားကောင်းစေခြင်းနှင့် တည်တံ့အောင် ထိန်းသိမ်းခြင်း။

၁ (ဂ)။ သာတူညီမျှစွာ လက်လှမ်းမီနိုင်မှု၊ တတ်နိုင်စွမ်း နှင့် ဘေးကင်းမှု၊ အရည်အသွေး ပြည့်ဝခြင်းတို့အပါအဝင် ကာကွယ်ဆေး လုံခြုံရေးနှင့် မိမိကိုယ်ကို အားထားမှုတို့ အားကောင်းစေခြင်း

၁(ဃ)။ ကျန်းမာရေးကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် စွမ်းရည်မြှင့်တင်ခြင်း

၁ (င)။ အသစ်ပေါ်ပေါက်လာသော ကူးစက်ရောဂါများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ကပ်ရောဂါများအတွက် ကာကွယ်ရေးနှင့်ကြိုတင်ပြင်ဆင်မှု အားကောင်းစေရန် ပြန်လည်ထူထောင်ရေးအဆင့်တွင် ကျန်းမာရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်မူဘောင်များ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် သက်ဆိုင်ရာဒေသတွင်း ညှိနှိုင်းရေးယန္တရားများကို အားကောင်း စေခြင်း။

၁ (စ). အရေးပေါ်အခြေအနေများတွင် အစားအသောက် ဘေးကင်းရေးနှင့် အာဟာပြည့်ဝရေး အပါအဝင် ကျန်းမာရေးဆိုင်ရာ အရေးပေါ် တုံ့ပြန်မှုများအတွက် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း



**ကျယ်ပြန့်သောမဟာဗျူဟာ (၂) - နိုင်ငံသားများ၏ လုံခြုံရေးကို အားကောင်းစေခြင်း။**


၂ (က)။ အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ကဏ္ဍများကို ပိုမို အားကောင်းလာအောင် ဆောင်ရွက်ခြင်း။

၂ (ခ)။ စားနပ်ရိက္ခာဖူလုံရေး နှင့် ဘေးကင်းရေး၊ အာဟာရပြည့်ဝရေးတို့ကို အာမခံခြင်း

၂ (ဂ)။ (၁) ဒီဂျစ်တယ် ကျွမ်းကျင်မှုနှင့် သိမြင်နားလည်မှု၊ ၂၁ရာစု အခြေခံပညာရေး နှင့် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ပေးရေး (၂) ဒီဂျစ်တယ် ကျွမ်းကျင်မှုအပါအဝင် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရန် လုပ်ငန်းခွင်အတွင်း ရှိပြီးဖြစ်သည့် ကျွမ်းကျင်မှုများကို မွမ်းမံပေးခြင်းနှင့် နည်းပညာအသစ်များ လေ့ကျင်သင်ကြားပေးခြင်း စသည့် နည်းလမ်းများဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း

၂ (ဃ)။ လူမှုရေးဆွေးနွေးပွဲများမှတစ်ဆင့် ကိုဗစ်-၁၉ အလွန် နေထိုင်မှုပုံစံအသစ်အတွက် (နယ်စပ်ဖြတ်ကျော် လုပ်သားများ၊ နေအိမ်မှ အလုပ်လုပ်ခြင်း နှင့် အခြားသော ရွေးချယ်စရာလုပ်ငန်းအစီအစဥ်များ၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး စသည်တို့ အပါအဝင်) အလုပ်သမားမူဝါဒများကို ပြင်ဆင်ခြင်း။

၂(င)။အာဆီယံပြန်လည်ထူထောင်ရေးအစီအစဥ်နှင့်လုပ်ဆောင်ချက်များတွင် ကျား၊မ တန်းတူညီမျှမှုကိုပေါင်းစည်းထည့်သွင်းခြင်း




**ကျယ်ပြန့်သောမဟာဗျူဟာ (၃) - အာဆီယံဒေသတွင်း ဈေးကွက်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးပေါင်းစည်းမှု အလားအလာကို မြှင့်တင်ခြင်း။**

၃ (က)။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဈေးကွက်ဖွင့်ပေးခြင်း

၃ (ခ)။ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှုနှင့်ခံနိုင်စွမ်းတို့ အားကောင်းစေခြင်း

၃ (ဂ)။ နေထိုင်မှုပုံစံအသစ်တွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း

၃ (ဃ)။ ကုန်သွယ်မှုတားမြစ်ကန့်သတ်ချက်များ ပပျောက်ရေးနှင့် ဈေးကွက်ကိုပုံပျက်စေသော မူဝါဒများကို ဖယ်ရှားခြင်း

၃ (င)။ လွတ်လပ်စွာ ခရီးသွားလာနိုင်ရေး မူဘောင်သတ်မှတ်ခြင်း

၃ (စ)။ သယ်ယူပို့ဆောင်ရေး တွင် ပံ့ပိုးကူညီမှုနှင့် ချိတ်ဆက်မှုများ အားကောင်းစေခြင်း

၃ (ဆ)။ ထိခိုက်မှုအများဆုံးကဏ္ဍများ (ခရီးသွားလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ကို ပြန်လည်ထူထောင်ခြင်းနှင့် လုပ်ငန်းခွင် လုံခြုံစိတ်ချရမှုရှိစေခြင်း


၃ (ဇ)။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်ကို ချောမွေ့စေရန် ပံ့ပိုးကူညီမှုအား အရှိန်မြှင့်ခြင်းနှင့် ပူးပေါင်းစည်းရုံးလှုပ်ရှားမှု အစပျိုးခြင်းများ


၃ (ဈ)။ ဒေသတွင်းချိတ်ဆက်မှုများအတွက် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု Public Private Partnership (PPP) ကို မြှင့်တင်ခြင်း။

၃ (ည)။ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေးကို စောစီးစွာ အသက်ဝင်စေရန် လက်မှတ်ရေးထိုးခြင်း

ကျယ်ပြန့်သော မဟာဗျူဟာ (၄) - အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်း

ပုံ (၇)၊ အာဆီယံ ဒီဂျစ်တယ် ပေါင်းစည်းရေးမူဘောင်






၄(ခ)။ အီလက်ထရွန်းနစ်-အုပ်ချုပ်မှု နှင့် အီလက်ထရွန်းနစ်-ဝန်ဆောင်မှုများကို မြှင့်တင်ခြင်း

၄(ဂ)။ ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ဒေသတွင်း ငွေပေးချေမှုဆိုင်ရာ ချိတ်ဆက်မှုများ အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ပါဝင်မှုကို မြှင့်တင်ခြင်း။

၄(ဃ)။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဒီဂျစ်တယ် ကျွမ်းကျင်မှုနှင့် ဈေးကွက်များသို့ လက်လှမ်းမီမှုကို မြှင့်တင်ခြင်း။

၄(င)။ ချိတ်ဆက်မှုကို မြှင့်တင်ခြင်း။

၄(စ) ။ ပညာရေးကဏ္ဍတွင် သတင်းအချက်အလက်၊ဆက်သွယ်မှုနှင့် နည်းပညာ (ICT) ကို မြှင့်တင်ခြင်း

၄(ဆ)။ ဒီဂျစ်တယ် ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်ကို မြှင့်တင်ခြင်း။

၄(ဇ)။ ဒေတာအုပ်ချုပ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးကို အားကောင်းစေခြင်း။




**ကျယ်ပြန့်သော မဟာဗျူဟာ (၅) - ရေရှည်တည်တံ့ပြီး ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ခြင်း**

၅ (က)။ ကဏ္ဍပေါင်းစုံတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း။

၅ (ခ)။ ရေရှည်တည်တံ့သော စွမ်းအင်သို့ ကူးပြောင်းသုံးစွဲခြင်းကို လွယ်ကူချောမွေ့အောင်လုပ်ဆောင်ခြင်း။

၅(ဂ)။ သဘာဝပတ်ဝန်းကျင်မထိခိုက်စေသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အခြေခံ အဆောက်အအုံ ဆိုင်ရာ ကွာဟချက်များကို ဖြေရှင်းပေးခြင်း

၅ (ဃ)။ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်း။

၅(င)။ တန်ဖိုးမြင့်စက်မှုလုပ်ငန်း၊ ရေရှည်တည်တံ့ရေးနှင့် စိုက်ပျိုးရေးတွင် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး

၅ (စ)။ သဘာဝဘေး အန္တရာယ်များကို စီမံခန့်ခွဲခြင်းနှင့် စီမံခန့်ခွဲမှု အားကောင်းစေခြင်း။

၅ (ဆ)။ ရေရှည်တည်တံ့သော ရန်ပုံငွေကို မြှင့်တင်ခြင်း။



### အခန်း ၄

### အာဆီယံတုံ့ပြန်မှုကိုအကောင်အထည်ဖော်ခြင်း - ပြန်လည်ထူထောင်ရေးနှင့် တည်ငြိမ်ရေးဆီသို့

ပြည်သူများ၏ အသက်၊ လူနေမှုဘဝလုံခြုံရေးနှင့် ခံနိုင်ရည် ရှိအောင် တည်ဆောက်ခြင်းတို့သည် အာဆီယံနိုင်ငံများက မဟာဗျူဟာကျကျ ဖြေရှင်း ရမည့် ခက်ခဲသောစိန်ခေါ်မှုများဖြစ်ပြီး အထောက်အကူဖြစ်စေနိုင်သည့် အချက်အလက်များမှာ


(၁) ပြန်လည်ထူထောင်ရေးအတွက် မူဝါဒဆိုင်ရာ အကဲဖြတ်မှုများနှင့် တုံ့ပြန်မှုများ

(၂) အရင်းအမြစ်များ စည်းရုံးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ထူထောင်ခြင်း

(၃) အဖွဲ့အစည်းများနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ

(၄) သက်ဆိုင်သူများနှင့်ထိတွေ့ဆက်ဆံမှုများပြုလုပ်၍ လက်တွဲဆောင်ရွက်ခြင်း အခန်းကဏ္ဍ

(၅) ထိရောက်သော စောင့်ကြည့်အကဲဖြတ်မှုများ ပြုလုပ်ခြင်း





- **မူဝါဒဆိုင်ရာ အကဲဖြတ်မှုများနှင့် တုန့်ပြန်မှုများ**

✓ ကြာရှည်သော ကျန်းမာရေး အကျပ်အတည်း၊ ပြန်လည်ထူထောင်ရေး နှောင့်နှေးမှုတို့နှင့် ပတ်သက်၍ စီးပွားရေး နာလန်ထူလာစေရန် ညီညွတ်သည့် မူဝါဒညှိနှိုင်းဆောင်ရွက်မှု လိုအပ်သလို ကြာရှည်ခံပြီး အားလုံးပါဝင်နိုင်သည့် တိုးတက်မှု ဖြစ်ပေါ်လာစေရန် ဘက်စုံမူဝါဒဆိုင်ရာတုံ့ပြန်မှုလည်း လိုအပ်သည်။


✓ မူဘောင်၏ အောင်မြင်မှုသည် ကပ်ရောဂါကာလအတွင်း နိုင်ငံအလိုက် မူဝါဒများနှင့် ဒေသတွင်းကြိုးပမ်းဆောင်ရွက်မှုများနှင့်အညီ အခြားနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ်တွင် အဓိက မူတည်မည်။

✓ အာဆီယံသဘော တူညီချက်များ၊ မူဘောင်များနှင့် လက်ရှိလုပ်ဆောင်နေသည့် အစီအစဉ်များကို ကိုးကားကာ လမ်းညွှန်မှု ယူရမည်။

✓ အကောင်အထည်ဖော်မှုသည် နိုင်ငံတကာအသိအမှတ်ပြု အခြေခံ မူများ၊ စံချိန်စံညွှန်းများနှင့် အကောင်းဆုံးလက်တွေ့ကျင့်သုံးမှုများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များအပေါ် အာဆီယံ၏ ကတိကဝတ်များနှင့်လည်း ကိုက်ညီရမည်။



- **ပြန်လည်ထူထောင်ရေးနှင့် အရင်းအမြစ်စည်းရုံးခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်း**
  - ✓ ကိုဗစ်-၁၉ အာဆီယံတုံ့ပြန်ရေးရန်ပုံငွေ သည် ကျယ်ပြန့်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိပြည်သူများကို ကာကွယ်နိုင်ရေး အတွက် ကိုဗစ်-၁၉ကူးစက်ပျံ့နှံ့မှုကို ရှာဖွေခြင်း၊ ထိန်းချုပ်ခြင်းနှင့် တားဆီးခြင်းများပြုလုပ်ရာတွင် အဖွဲ့ဝင်နိုင်ငံများသို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ရှေ့တန်းလုပ်သားများ အပါအဝင် ကူညီထောက်ပံ့နိုင်ရေးအတွက် တည်ထောင်ထားခြင်း ဖြစ်သည်။
  - ✓ ရန်ပုံငွေသည် သက်ဆိုင်ရာ သုတေသနဖွံ့ဖြိုးတိုးတက်ရေး၊ အစီအစဉ်ရေးဆွဲနိုင်ရန် နည်းပညာပိုင်း ဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခြင်း၊ ကူးစက်ပျံ့နှံ့မှု ဟန့်တားထိန်းချုပ်ရေးနှင့် လျှော့ပါးသက်သာရေး စီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ပံ့ပိုးပေးခြင်းတို့ ပါဝင်သည်။
  - ✓ ကိုဗစ်-၁၉ အာဆီယံ တုံ့ပြန်ရေးရန်ပုံငွေ ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အပြင် အာဆီယံ၏ အခြားသော ပြင်ပမိတ်ဖက်အဖွဲ့အစည်းများမှ စေတနာ အလျောက် ပံ့ပိုးကူညီမှုများဖြင့် တည်ထောင်ထားသည်။
  - ✓ နိုင်ငံများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာလုံခြုံစိတ်ချမှုရှိစေခြင်း နှင့် အစိုးရကျောထောက်နောက်ခံ ပြုထားသော ငွေဖြစ်လွယ်သည့်ချေးငွေယန္တရားများ ကဲ့သို့သော အရင်းအမြစ်များမှရယူနိုင်ရေး တီထွင်ဖန်တီးမှု နည်းလမ်းများကို ရှာဖွေရန် လိုအပ်ပါသည်။




- **အဖွဲ့အစည်းများနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ**
  - ခိုင်မာသော အုပ်ချုပ်မှုယန္တရား၊ အဖွဲ့အစည်းများ နှင့် အဆင့်အားလုံးတွင် ပေါင်းစပ်ညှိနှိုင်းမှု လိုအပ်သည်။
  - ပြန်လည်ထူထောင်ရေးအတွက် မူဝါဒများကို ဖော်ဆောင်နိုင်သည့် အဖွဲ့အစည်းများကိုလည်း တည်ထောင်သင့်သည်။
  - အာဆီယံပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဆိုင်ရာ ညှိနှိုင်းရေးကောင်စီအလုပ်အဖွဲ့ (ACCWG-PHE) ၊ အကြီးတန်းအရာရှိများအစည်းအဝေး (SOM)၊ အကြီးတန်းစီးပွားရေးအရာရှိများအစည်းအဝေး (SEOM)၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အမြုံအတွက်အကြီးတန်းအရာရှိများအစည်းအဝေး (SOCA)၊ အာဆီယံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ (CPR)၊ အငြင်းပွားမှုပြဿနာကိုဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍများ၌ ပါဝင်သည့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများ၊ အထူးသဖြင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လုပ်ဆောင်နေသည့်အကြီးတန်းအရာရှိများ (SOM-HD) ပါဝင်သည်။ ACCWG-PHE သည် လက်ရှိနှင့် အနာဂတ်တွင် ဖြစ်ပေါ်နိုင်သော ပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် အာဆီယံ၏ တုံ့ပြန်မှုအားလုံးကို ညှိနှိုင်းစောင့်ကြည့်ခြင်း ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် တိုးတက်မှုကို စောင့်ကြည့်ရန် ပုံမှန်မွမ်းမံခြင်းနှင့် အကဲဖြတ်ခြင်း၊ အာဆီယံအသိုက်အမြုံမဏ္ဍိုင်များပါဝင်သော ပေါင်းစပ်ညှိနှိုင်းရေးညီလာခံသုံးခုတွင် ဆွေးနွေးမှုတို့ပြုလုပ် သည်။





- **သက်ဆိုင်သူများ၏ ပါဝင်မှုနှင့် လက်တွဲဆောင်ရွက်ခြင်း ဆိုင်ရာ အခန်းကဏ္ဍ**

✓ ဒေသအတွင်း ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုတွင် အရေးပါသူများမှာ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်ပြီး ပြန်လည်ထူထောင်ရေးမူဘောင်နှင့် အစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးနိုင်သည့်အတွက် ၎င်းတို့နှင့် ထိတွေ့ ဆက်ဆံမှု ပိုမိုအားကောင်းလာမည်။

✓ ပုဂ္ဂလိကကဏ္ဍများတွင် အာဆီယံစီးပွားရေးကောင်စီ (ABAC) မှ အာဆီယံအကြီးအကဲများထံ တင်ပြသည့် သတင်းပေးပို့ရန်လမ်းကြောင်း နှင့် အာဆီယံ၏ မျှော်လင့်ချက်များ အရ သက်ဆိုင်ရာအကြံပြုချက်များ အပါအဝင် ပြန်လည်ထူထောင်ရေးမူဘောင်ကို ပံ့ပိုးကူညီရန်အတွက် အာဆီယံစီးပွားရေးကောင်စီ၊ ပူးတွဲစီးပွားရေးကောင်စီများ (JBCs) နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ အာဆီယံ ပြန်လည်ထူထောင်ရေးတုံ့ပြန်မှု၏ အရေးပါသော အစိတ်အပိုင်းမှာ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်ဖြစ်သည်။


✓ အာဆီယံ ဆွေးနွေးဖက်များ၊ ကဏ္ဍအလိုက်မိတ်ဖက်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံစုံပါဝင်သည့် ပလက်ဖောင်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း တို့သည် ဒေသတွင်းတုံ့ပြန်နိုင်စွမ်းကို မြှင့်တင်နိုင်ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အကျပ်အတည်းများအတွက်လည်း ကြိုတင်ပြင်ဆင်မှု ပြုလုပ်နိုင်မည် ဖြစ်သည်။




- **ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာမှုကို စောင့်ကြည့်ခြင်း**

✓ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် စောင့်ကြည့်အကဲဖြတ်ခြင်းအား ပြင်ပအကူအညီဖြင့် တိုးတက်မှုကို စောင့်ကြည့်ရန် လိုအပ်သည်များ ပံ့ပိုးပေးမည်။ အာဆီယံကဏ္ဍအလိုက်အဖွဲ့အစည်းများမှ ဖော်ထုတ်အကြံပြုထားသည့် အကောင်အထည်ဖော်ရေးအစီအစဉ်များကို ပြုပြင် မွမ်းမံ၍ အထောက်အပံ့ပေးမည်။

✓ ACCWG-PHE သည် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်နှင့် ၎င်း၏ အကောင်အထည်ဖော်ဆောင်ရွက်ရေး စီမံချက်တို့၏ တိုးတက်မှုအခြေအနေကို ACC သို့ အစီရင်ခံတင်ပြနိုင်ရေး အခါအားလျော်စွာ ကြည့်ရှုသုံးသပ်ရန် တာဝန်ရှိမည် ဖြစ်သည်။






## အခန်း ၅

## ကိုဗစ် - ၁၉ အလွန် အာဆီယံကို ပြန်လည်ပုံဖော်ခြင်း

- ✓ ကပ်ရောဂါဘေးမှ အဓိပ္ပာယ်ပြည့်ဝသည့် ပြန်လည်ထူထောင်နိုင်မှု ဖြစ်ပေါ်လာစေရေးအတွက် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို အပြည့်အဝထိန်းချုပ်နိုင်ရန် လိုအပ်သည်။
- ✓ အာဆီယံအစိုးရများသည် ကပ်ရောဂါ၏ ကျယ်ပြန့်သည့်အကျိုးဆက်များကို လျော့ပါး သက်သာစေရန် မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို လျင်မြန်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို တည်ဆောက်နိုင်သင့်သည်။ ဒီဂျစ်တယ်နည်းလမ်းသို့ပြောင်းလဲခြင်း နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော အရေးကြီးသည့် အစပျိုးမှုအချို့တွင် အဆိုပြုထားသော အစီအစဉ်အသစ်သို့မဟုတ် မူဝါဒအသစ်၊ တွေးခေါ်မှုနည်းလမ်းအသစ်များ အတွက်လည်း ပွင့်ပွင့်လင်းလင်း ရှိသင့်သည်။
  **ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ရမည်ဖြစ်ကာ အမျိုးသမီးများနှင့် အခြားသက်ဆိုင်သူများလည်း ပါဝင်သင့်သည်။**
- ✓ အာဆီယံ ပေါင်းစည်းရေးအစီအစဉ်၏ ကာလလည်ပြန်လည်သုံးသပ်ခြင်းတွင် ၂၀၂၅ ခုနှစ် အလွန် ဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစည်းမှုရလဒ်များကို အနာဂတ်တွင် ပိုကောင်းလာစေရန်သာမက ပိုမိုခံနိုင်ရည်ရှိမှုကိုလည်း ဖြစ်စေသင့်သည်။
- ✓ အာဆီယံဘက်စုံ ပြန်လည် ထူထောင်ရေးမူဘောင် နှင့် ၎င်း၏ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်သည် ကပ်ရောဂါဖြစ်ပွား ပြီးနောက် ဒေသတွင်း ပိုကောင်းသော အနာဂတ်ကို တည်ဆောက်ရန် လမ်းညွှန်ချက်တစ်ခုမျှသာဖြစ်သည်။ မည်သို့ဖြစ် မြောက်အောင် လုပ်ဆောင်ရမည်မှာ အဖွဲ့ဝင် နိုင်ငံများ၏ လုပ်ဆောင်ချက်များနှင့် ကတိကဝတ်ပြုချက်များ၊ များစွာသော သက်ဆိုင်သူများ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းပါဝင်မှုများ အပေါ်တွင် အဓိကမူတည်လျက် ရှိသည်။

Easy-to-Read Myanmar Version

Consultative members:

KDN, Future Stars Self-Advocacy Group, Myanmar Autism Association, Living Water Learning Center, Special Olpympics Group, Inclusion Journey, Ah Linn Thit disabled people organization, Noungyoe disabled People organization,  Myanmar Women With Disabilities Network